# ချမ်းမြေ့ဆရာတော်ဘုရား


၏

# ထေရုပ္ပတ္တိအကျဉ်း

ဦးစောလှိုင်ပြုစုသည်။


| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
|---|---|---|
| ၂၅၄၅ | ၁၃၆၃ | ၂၀၀၁ |

ချမ်းမြေ့ဥက္ကဋ္ဌကြီး ဦးဘသိန်း + ဒေါ်တင်တင်ကြည် မိသားစု နှင့်
ချမ်းမြေ့ဒု-ဥက္ကဋ္ဌ ဦးစောလှိုင် + ဒေါ်ခင်ညိုသင်း မိသားစု
တို့၏ ဓမ္မဒါန အုပ်ရေ ၆၀၀၀



ချမ်းမြေ့ဆရာတော်

၂၁၇၉၁

## သူတော်ကောင်း၏
## ဂုဏ်ရနံ့

စပယ်ကြက်ရုံး၊ ဂမုံးနှင်းဆီ၊
ပန်းထွေလီတို့၊ လေပြည် လေညှင်း၊
သူဆောင်ကျဉ်း၍၊ ပျံ့သင်းမွှေးကြိုင်၊
လေအောက်လိုင်လည်း၊ မလှိုင်လေ
ညာ၊ မမွှေးသာဘူး၊ ဆယ်ဖြာသုစရိ၊
စုံညီ ပြည့်မှု၊ ထိုသည့် သူ၏၊
မွှေးကြူသင်းပျံ့၊ ဂုဏ်ရနံ့ကား၊
ပျံ့နှံ့အောက်ထက်၊ လေဆန်တက်၍၊
ဘဝဂ်တိုင်ထိ၊ ပျံ့လှိုင်ဘိသည်၊
သူ၏ သီလ ဖြူသောကြောင့်။

## ချမ်းမြေ့ဆရာတော်ဘုရား၏
## ထေရုပ္ပတ္တိအကျဉ်း

ချမ်းမြေ့ဆရာတော်ဘုရားသည် ၁၂၉၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ (၁၉၂၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်) အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ဆရာတော်၏ ခမည်းတော်နှင့် မယ်တော်မှာ ဦးဖြူမင်းနှင့် ဒေါ်ရွှေရည်တို့ ဖြစ်ကြ၍ ဇာတိရပ်ရွာမှာ တောင်တွင်းကြီးမြို့၊ ပျဉ်းမရွာ ဖြစ်သည်။

ဆရာတော်သည် ဇာတိရွာဖြစ်သော ပျဉ်းမရွာရှိ အစိုးရမူလတန်းကျောင်း၌ စတုတ္ထတန်း အောင်မြင်ပြီးနောက် အဘိုး အဘွားများ၏ ဆန္ဒအတိုင်း တောင်တွင်းကြီးမြို့၊ တောရဗိမာန်ကျောင်း၌ ဆက်လက် ပညာဆည်းပူးခဲ့သည်။

### ရှင်သာမဏေပြုခြင်း

အသက် ၁၅ နှစ်သားအရွယ်တွင် တောင်တွင်းကြီးမြို့ တောရဗိမာန်ကျောင်းတိုက်မှ တိုက်အုပ် ဆရာတော် ဦးမာလာဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်ဇနက ဟူသော ဘွဲ့မည်ဖြင့် ရှင်သာမဏေအဖြစ် ခံယူခဲ့သည်။ ရှင်သာမဏေဖြစ်သည်မှစ၍ ပိဋကတ်စာပေ သင်ယူလေ့လာခြင်းဖြင့် ဗုဒ္ဓတရားတော်နှင့် ထိတွေ့ရခြင်းကို ပို၍ပို၍ နှစ်ခြိုက်လာသဖြင့် နောင် ချမ်းမြေ့ဆရာတော် ဖြစ်လာမည့်

ရှင်သာမဏေ ရှင်ဇနကသည် ပိဋကတ် စာပေ လေ့လာဆည်းပူးရေး၌သာ အချိန်ရှိသမျှ နစ်မြုပ်၍ နေခဲ့လေသည်။

ရှင်ဇနကသည် ဥပဇ္ဈာယ်ဆရာတော် ဦးမာလာဝံသနှင့် စာချဆရာတော် ဦးဝါသဝိန္ဒတို့ထံ၌ ပိဋကတ်ကျမ်းဂန်များကို လေ့လာဆည်းပူးရုံမျှသာ မဟုတ်ဘဲ ပါဠိဂါထာ စီကုံးခြင်း၊ ပါဠိစကားပြေ စီကုံးခြင်း၊ ရံဖန်ရံခါ မြန်မာကဗျာ လင်္ကာ စီကုံးခြင်းတို့ကိုပါ သင်ကြား လေ့ကျင့်ခဲ့သည်။

စာမေးပွဲ ခေတ်အခါပင် ဖြစ်သော်လည်း ရှင်ဇနက၏ စာချဆရာတော်သည် စာမေးပွဲဆီသို့ ဦးတည်ကာ စာပေမပို့ချဘဲ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို ကြည့်ရှု လေ့လာနိုင်ရေးဆီသို့သာ ဦးတည်ကာ ပို့ချပေးခဲ့လေသည်။ ထို့ကြောင့်ပင် အချို့သော ကျမ်းဂန်တို့ကို ဆရာ့ထံ နည်းခံသင်ယူရင်း အင်္ဂုတ္တရနိကာယ်၊ သံယုတ္တနိကာယ် စသော ပါဠိတော် အဋ္ဌကထာများကို ဆရာလွတ် ကြည့်ရှု လေ့လာခြင်းဖြင့် ရှင်သာမဏေဘဝ၌ပင် ပိဋကတ်စာပေနှင့် ဗုဒ္ဓတရားတော်တို့ကို အဟော်အတန် နှံ့စပ်အောင် လေ့လာဆည်းပူးခဲ့သည်။ အခြားတစ်ဘက်ကလည်း ဆရာတော်များ၏ တာဝန်ပေးချက်အရ စွမ်းနိုင်သမျှ ပြန်လည်ပို့ချပေးခဲ့လေသည်။

ရဟန်းပြုခြင်း

ရှင်ဇနကသည် ၁၃၀၉ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့ (၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်) ၌ **တောရဗိမာန်ဆရာတော် အရှင်ပဒုမထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ်၊** ကုန်သည်ကြီး **ဦးစိန်ညိုနှင့်** ဇနီး **ဒေါ်လှနှစ်တို့၏** ပစ္စယာနုဂ္ဂဟကို

ခံယူလျက် ရဟန်းဘောင်သို့ တက်ရောက်ပြီးနောက် မန္တလေးမြို့၊ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော်ဘုရားကြီး ထံ၌ လက်ရင်းတပည့် အဖြစ်ဖြင့် ပိဋကတ် စာပေကို ဆက်လက်၍ သင်ယူ ဆည်းပူးခဲ့လေသည်။ ပိုက်ကျိုး ဆရာတော်ကြီး ဦးဇာနေယျဗုဒ္ဓိ၊ အသောကာရုံ ဆရာတော် ဦးသုဝဏ္ဏဇောတိ၊ ဗာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတ၊ သံတော်ဆင့်စာချဆရာတော် ဦးဝါသဝ နှင့် မစိုးရိမ်တိုက် စာချဆရာတော် ဦးဝိစိတ္တာဘိဝံသ တို့ထံ၌လည်း ပိဋကတ်စာပေဆိုင်ရာ ကျမ်းကြီးကျမ်းခိုင်တို့ကို ထပ်မံ လေ့လာ ဆည်းပူး ခဲ့လေသည်။

မန္တလေးမြို့ အနောက်ပြင်၊ တောင်ပြင် စာချဆရာတော်များ အထံ၌လည်း အခါအားလျော်စွာ ကြွရောက်၍ ပညာဆည်းပူးတော်မူသည်။

အရှင်ဇနကသည် ပိဋကတ်စာပေများ သင်ယူလေ့လာရင်း အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမ ကြီးတန်းနှင့် ၁၃၁၂ ခုနှစ်၊ နယုန်လတွင် ကျင်းပသော သကျသီဟ(ပရိယတ္တိသာသနာ့ဟိတ) စာသင်တန်း စာမေးပွဲများကို တစ်ကြိမ်စီ ဖြေဆိုရုံမျှနှင့်ပင် သက်သာ လွယ်ကူစွာ အောင်မြင်ခဲ့လေသည်။ ၁၃၁၄ ခုနှစ် (၁၉၅၂ ခုနှစ်၊ ဇွန်လ)၌ အစိုးရ ပါဠိတက္ကသိုလ်များ အနေဖြင့် ပထမဆုံးကျင်းပသော ပါဠိတက္ကသိုလ် စာချတန်းစာမေးပွဲ၌ ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူး ငါးကျမ်းတို့ကို တစ်နှစ်တည်းဖြင့်ပင် ဖြေဆိုအောင်မြင်ခဲ့၍ သာသနဓဇ သိရိပဝရဓမ္မာစရိယ ဘွဲ့တော်ကို ရရှိခဲ့သည်။ ကျန် ဂုဏ်ထူးတစ်ကျမ်း ကိုမူ နောက်တစ်နှစ်၌ ရန်ကုန်တွင် ဖြေဆိုအောင်မြင် ခဲ့လေသည်။

ပါဠိတက္ကသိုလ်စာချတန်း အောင်မြင်ပြီးနောက် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၌ပင် ကထိကအဖြစ် စာပေပို့ချခဲ့လေသည်။ ထို

အချိန်တွင် သကျသီဟ စာချတန်း၌ အဋ္ဌကထာနှစ်ကျမ်း အောင်မြင်ခဲ့လေသည်။

**ဝိပဿနာတရား အားထုတ်ခြင်း**

ဆရာတော်သည် ၁၃၁၅ (၁၉၅၃ ခုနှစ်)ဝါတွင်း၌ **သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရားကြီး** ထံမှောက်တွင် လေးလကျော်မျှ ဝိပဿနာတရားကို ကြိုးစား အားထုတ်ခဲ့သည်။ ပဋိပတ်လုပ်ငန်းနှင့် ပတ်သက်သော ဗဟုသုတများကိုလည်း မဟာစည် ဆရာတော်ဘုရားကြီးနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ အထံ၌ လေ့လာ ဆည်းပူးခဲ့သည်။

**သံဂါယနာ ပါဠိပဋိဝိသောဓက**

ထို့နောက် ဆဋ္ဌသံဂါယနာဝန်ဆောင်အဖွဲ့က ပင့်လျှောက်သဖြင့် **သံဂါယနာ ပါဠိ ပဋိဝိသောဓက** (ပါဠိကျမ်းစာ ထပ်မံသုတ်သင်ရေး) အဖွဲ့တွင် ပဋိဝိသောဓကအဖြစ် ကူညီဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရင်း ပဋိဝိသောဓကအဖွဲ့ဝင် ဆရာတော်တစ်ပါးဖြစ်သော ပုသိမ်မြို့၊ မြောင်းမြဆရာတော် **အရှင်ဓမ္မာနန္ဒ** ထံ၌ သင်လက်စရှိသော အင်္ဂလိပ်စာကို တဘက်က ဆက်လက် သင်ယူခဲ့လေသည်။ ထို့နောက် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြန်ကြွ၍ ပါဠိတက္ကသိုလ် ကထိကတာဝန်ကို ပြန်လည် ထမ်းဆောင်လေသည်။

၁၃၁၆ ခုနှစ်၊ နတ်တော်လ (၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ)၌ **နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က ဆဋ္ဌသံဂါယနာ ပဋိဝိသောဓက** အဖြစ် ဆရာတော်ကို ပင့်ပြန်သဖြင့် ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံးကာ ပဋိဝိသောဓက တာဝန်ကို ဆောင်ရွက်ရ ပြန်သည်။

မိုးကျသောအခါ မန္တလေးသို့ ပြန်၍ နယုန်လ၌ ကျင်းပသည့် သက္ကျသီဟစာမေးပွဲတွင် ဖြေဆိုရန် ကျန်ရှိနေသေးသော အဋ္ဌသာလိနီ အဋ္ဌကထာကို ဖြေဆို အောင်မြင်၍ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘွဲ့တော်ကို ရရှိခဲ့သည်။

## သီရိလင်္ကာသို့ ကြွရောက်၍ ပညာသင်ယူခြင်း

ဆရာတော်သည် ၁၉၅၇ ခုနှစ်၊ ဖွန်လ၌ သီရိလင်္ကာနိုင်ငံသို့ ကြွ၍ ကိုလံဘိုမြို့ မဟာဝိသုဒ္ဓါရာမတိုက်၌ ၆ နှစ်တာမျှ သီတင်းသုံးလျက် အင်္ဂလိပ်ဘာသာ၊ သက္ကဋဘာသာ၊ သီဟိုဠ်ဘာသာ၊ ဟိန္ဒီဘာသာနှင့် အခြားသော ခေတ်ပညာရပ်များကို လေ့လာ ဆည်းပူးခဲ့လေသည်။ ဆရာတော်သည် သီရိလင်္ကာ၌ နေစဉ် သွားရင်းဟန်လွဲသဘောဖြင့် လန်ဒန် G.C.E. ( A. Level) စာမေးပွဲကို ဝင်ရောက်ဖြေဆိုကာ ဘာသာရပ်အချို့ အောင်မြင်၍ ကျန်ဘာသာ အချို့ကို မြန်မာပြည် ပြန်ရောက်သည့်အခါ ဖြေဆိုရာ အောင်မြင်ခဲ့ လေသည်။ သီရိလင်္ကာနိုင်ငံတော်အစိုးရ တည်ထောင်သော ဝိဇ္ဇောဒယ တက္ကသိုလ်၌ အဘိဓမ္မာကထိက အဖြစ် ဆောင်ရွက်ပေးပါရန် တက္ကသိုလ်အဓိပတိ၏ ကမ်းလှမ်းချက်ကို ကျန်းမာရေး မညီညွတ် သဖြင့် ငြင်းပယ်ခဲ့ရသည်။

## မဟာဂန္ထဝါစကနိဿယ နိဒါန်းပြုစုခြင်း

ဆရာတော်သည် မြန်မာနိုင်ငံသို့ ၁၉၆၃ ခုနှစ်၊ ဖွန်လတွင် ပြန်လည်ကြွလာပြီး နိုင်ငံတော် ဗုဒ္ဓသာသနာ့ အဖွဲ့၏ တတိယ အကြိမ် ပင့်လျှောက်ချက်အရ ကမ္ဘာအေး၊ ဓမ္မဒူတ ပကျောင်းဆောင်၌ သီတင်းသုံးလျက် ပါဠိကျမ်းစာများ သုတ်သင်ရေး တာဝန်ကို

ဆောင်ရွက်ခဲ့သည်။ ထိုအတောအတွင်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ ဆရာတော်ဘုရားကြီး ပြုစုတော်မူသော ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယကျမ်း အတွက် စာမျက်နှာ ၄၀ ရှိသော နိဒါန်းကို ရေးသားဆက်ကပ်ရသည်။ ထို့ပြင် ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ စာဖောင်ချောများကို ကူညီ စစ်ဆေးပေးရသည်။

၁၉၆၆ ခုနှစ်၌ မိခင်တိုက်ရင်းဖြစ်သော တောင်တွင်းကြီးမြို့ တောရဗိမာန်ကျောင်းတိုက်၌ သာသနာ့တာဝန်ကို ဆက်လက် ထမ်းဆောင်တော်မူသည်။

## သာသနာ့ရိပ်သာ၌ တာဝန်ထမ်းဆောင်ခြင်း

၁၉၆၇ ခုနှစ်၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ အမိန့်အရ သာသနာ့ရိပ်သာတွင် သီတင်းသုံးရင်း နာယကဆရာတော် တစ်ပါးအဖြစ် မဟာစည်ဆရာတော်ဘုရား ကြီး၏ ပရိယတ်၊ ပဋိပတ် လုပ်ငန်းများကို ကူညီနေခဲ့လေသည်။

ပရိယတ်လုပ်ငန်းအနေဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မျက်စိကုသချိန်၌ ဆရာတော်ဘုရားကြီး၏ ရေးလက်စဖြစ်သော ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်းကို ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက် အရ ပထမတွဲ ပြီးဆုံးသည်အထိ ဆက်လက်ပြန်ဆိုရေးသား ခဲ့သည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ထုတ်ဝေသော World Buddhism မဂ္ဂဇင်း၌ မဟာစည်ကမ္မဋ္ဌာန်း နည်းကို ကျမ်းဂန်နှင့် မညီဟု ပြစ်တင်ရေးသားထားသော ဆောင်းပါးများကို ချေပသည့် အဖြေဆောင်းပါးများကို ဆရာတော်ကိုယ်တိုင် မြန်မာဘာသာဖြင့်

ရေး၍ မဟာစည်ဆရာတော်ဘုရားကြီးက ကြည့်ရှုတည်းဖြတ်ပေးပြီးလျှင် မြန်အောင် ဦးတင်နှင့်အတူ ဆရာတော်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ World Buddhism မဂ္ဂဇင်း၌ပင် ၁၅ လ တိုင်တိုင် ထည့်သွင်း ဖေါ်ပြခဲ့သည်။

ပဋိပတ်လုပ်ငန်းအနေဖြင့် မဟာစည်သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ၅ နှစ်တာမျှ တရားပြခဲ့သည်။ မန္တလေး ရတနာပုံသာသနာ့ရိပ်သာ၌လည်း တစ်နှစ်ခွဲမျှ တရား ဟောပြော ပြသခဲ့သည်။

## ချမ်းမြေ့ရိပ်သာတည်ထောင်

၁၉၇၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ၌ ဆရာတော်သည် ဒကာ ဒကာမများ တည်ထောင်လှူဒါန်းသော ချမ်းမြေ့ ရိပ်သာကျောင်းသို့ ရွှေ့ပြောင်း သီတင်းသုံးလျက် တရားဟော တရားပြခြင်း ပဋိပတ်လုပ်ငန်းနှင့် စာပေ ပို့ချခြင်း ပရိယတ်လုပ်ငန်း နှစ်ရပ်ကို ဆောင်ရွက်နေခဲ့သည်။

## အသံလွှင့် တရားတော်များ

ဆရာတော်သည် ၁၉၇၈ ခုနှစ်၊ ၇၉ ခုနှစ်၊ ၈၀ ခုနှစ်များ၌ သာသနာရေးဦးစီးဌာန၏ လျှောက်ထားချက် အရ "အသိအမြင်မှန်မှ ချမ်းသာရ" တရားတော်၊ "သိ ပယ် ဆိုက် ပွား" တရားတော်၊ "ဗုဒ္ဓနည်းကျ ချမ်းသာစွာနေထိုင်နည်း" တရားတော်တို့ကို ရေဒီယိုမှ အသံလွှင့် ဟောကြားခဲ့သည်။ ထို အသံလွှင့်တရားတော်များကို စုပေါင်း၍ စာအုပ်ငယ် တစ်အုပ်အဖြစ် ပုံနှိပ် ထုတ်ဝေ ထားပါသည်။

## ပြည်တွင်းပြည်ပ ယောဂီများ

ဆရာတော်သည် ချမ်းမြေ့ရိပ်သာ စတင် တည်ထောင်သည့်နှစ်မှ စ၍ ပြည်တွင်း ပြည်ပ ယောဂီများကို လက်ခံလျက် ဝိပဿနာတရား ဟောပြောပြသပါသည်။ ယခုအချိန်၌ နှစ်စဉ် ပြည်တွင်းယောဂီ အနည်းဆုံးအချိန်တွင် ၁၀၀၊ အများဆုံး အချိန်တွင် ၇၀၀၊ ၈၀၀ ခန့်အထိ လာရောက်အားထုတ်ကြသည်။

ပြည်ပ ယောဂီများအနေဖြင့် မကြာသေးမီ နှစ်များမှစ၍ နိုင်ငံစုံမှ ပြည်ပယောဂီများ နှစ်စဉ် ပျမ်းမျှခြင်းအားဖြင့် ၁၂၀ ထက်မနည်း လာရောက် အားထုတ်ကြပါသည်။ ဆရာတော်ရှိသည့်အချိန်၌ ပြည်ပယောဂီများကို ဆရာတော်ကိုယ်တိုင် တရားဟောပြောပြသပါသည်။ ဆရာတော် ပြည်ပမေ့ခရီး ကြွသည့်အချိန်၌ လက်ထောက် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များက ကိုယ်တိုင်ဖြစ်စေ၊ ဘာသာပြန်သူနှင့် ဖြစ်စေ ပြည်ပယောဂီများအား တရား ဟောပြောပြသပါသည်။

## ပြည်တွင်း တရားစခန်းနှင့် တရားပွဲများ

ဆရာတော်သည် ချမ်းမြေ့ရိပ်သာ၌ ပြည်တွင်း ပြည်ပယောဂီများကို တရားဟော တရားပြနေသည့် အကြားမှပင် အမြို့မြို့အနယ်နယ်မှ တရားစခန်း ကျင်းပပေးရန်နှင့် တရားချီးမြှင့်ပါရန် ပင့်လျှောက်ခြင်း တို့ကိုလည်း ရွေးချယ်လက်ခံကာ ကြွရောက်၍ ဟောပြောပြသပေးပါသည်။

တမူးမြို့၊ မုံရွာမြို့၊ တောင်ကြီးမြို့၊ တပ်ကုန်းမြို့၊ ညောင်လေးပင်မြို့နှင့် တော်ဝိရွာတို့၌ နှစ်စဉ် တရားစခန်းများ

ကျင်းပ၍ တရားပြပေးခဲ့သည်။ ဟသ်ာတ၊ မြိတ်၊ ထားဝယ်၊ ပြည်၊ တောင်ငူ၊ ပြင်ဦးလွင်၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ နမ္မတူမြို့များ၌ နှစ်စဉ် တရားချီးမြှင့်ခဲ့သည်။ အခြားမြို့ရွာများ၌လည်း အခါအား လျော်စွာ တရားချီးမြှင့်ခဲ့သည်။

ဆရာတော်သည် မြန်မာပြည်၏ အရှေ့စွန်း တာချီလိတ်၊ ကျိုင်းတုံ၊ မူဆယ်အထိ၊ အနောက်စွန်း စစ်တွေ၊ ကလေး၊ ကလေးဝ၊ တမူးအထိ၊ တောင်စွန်း ကော့သောင်းအထိ၊ မြောက်စွန်း မြစ်ကြီးနား၊ ပူတာအိုအထိ အခါအားလျော်စွာ တရားခရီး ဖြန့်ရပါသည်။

## သမိုင်းတွင်သည့် တရားပွဲ

၁၉၈၂ ခုနှစ်၊ မေလ၌မူ မြန်မာပြည်၊ မြန်မာ့ သမိုင်းတွင် တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဖူးသော ထူးမြတ်သည့် တရားပွဲကို ဆရာတော် ဟောကြားခဲ့သည်ကို ဓမ္မမိတ်ဆွေများ အသိပင် ဖြစ်ပါသည်။ ထိုစဉ်က **ကလေးမြို့နယ် ခရစ်ယာန်အသင်းတော်များကောင်စီ** က ဗုဒ္ဓတရားတော်များကို နာကြားလို၍ ဟောကြား ချီးမြှင့်ပေးပါရန် ဆရာတော်အား ပင့်လျှောက်သဖြင့် **"ဆင်းရဲငြိမ်းအေး ချမ်းသာရေး"** တရားတော်ကို ကလေးမြို့၊ ရွှေဘုံသာဘုရား ဓမ္မာရုံကြီးအတွင်း၌ ၃ ရက်တိုင်တိုင် ဆရာတော်ဘုရား ဟောကြား ချီးမြှင့်ပေးခဲ့ရာ ခရစ်ယာန်ပရိသတ် အများစု ပါဝင်သော ပရိသတ် ၆၀၀၀ ခန့် တရားနာခဲ့ကြပါသည်။ ထိုတရားတော်ကို **"ဆင်းရဲငြိမ်းအေး ချမ်းသာရေး"** အမည်ဖြင့်ပင် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ယခု ဆဋ္ဌမအကြိမ် ထုတ်ဝေလျက်ရှိရာ အုပ်ရေ ၄၄၀၀၀ ထုတ်ဝေပြီး ပါပြီ။

ထိုတရားပွဲကို ဦးဆောင်ပင့်သော ကလေးမြို့နယ် ခရစ်ယာန်အသင်းတော်များကောင်စီ၏ ဥက္ကဋ္ဌကြီး ဦးမန်ကျင့်ထန်မှာမူ ဆရာတော်အထံ၌ တရားအားထုတ်ပြီးလျှင် ဒုလ္လဘရဟန်းအဖြစ် ခံယူခဲ့ပါသည်။

## ပြည်ပဓမ္မခရီးများ

ဆရာတော်သည် ၁၉၇၉ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်များတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အတူ ပြည်ပဓမ္မခရီး စတင်ထွက်ခဲ့၏။ နောက်ပိုင်းတွင် ဆရာတော်တစ်ပါးတည်း နောက်ပါကပ္ပိယ တစ်ဦးနှင့်အတူ ဓမ္မခရီးထွက်ခဲ့သည်။

၁၉၇၉ ခုနှစ်မှ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ ဓမ္မခရီး ၂၅ ကြိမ် ထွက်ခဲ့ရာ **ထိုင်းနိုင်ငံ**သို့ ၂၂ ကြိမ်၊ **ဂျပန်**သို့ ၅ ကြိမ်၊ **ဟဝိုင်ယီ** သို့ ၄ ကြိမ်၊ **အမေရိက**သို့ ၉ ကြိမ်၊ **အင်္ဂလန်**သို့ ၈ ကြိမ်၊ **စကော့တလန်**သို့ ၃ ကြိမ်၊ **ပြင်သစ်**သို့ ၇ ကြိမ်၊ **ဆွစ်ဇာလန်**သို့ ၅ ကြိမ်၊ **အီတလီ**သို့ ၂ ကြိမ်၊ **ဟော်လန်**သို့ ၄ ကြိမ်၊ **ဂျာမနီ**သို့ ၅ ကြိမ်၊ **ဗယ်လဂျီယမ်**သို့ ၄ ကြိမ်၊ **သီရိလင်္ကာ**သို့ ၂ ကြိမ်၊ **စင်္ကာပူ**သို့ ၈ ကြိမ်၊ **မလေးရှားနိုင်ငံ ကွာလာလမ်ပူ**သို့ ၆ ကြိမ်၊ **ဆာဗားပြည်နယ် ရဟာတာမြို့**သို့ ၁ ကြိမ်၊ **ဆာရဝပ်ပြည်နယ် ကုချင်းမြို့**သို့ ၁ ကြိမ်၊ **ဩစတြေးယား**သို့ ၁ ကြိမ်၊ **ကနေဒါ**သို့ ၅ ကြိမ်၊ **ဟောင်ကောင်**သို့ ၁ ကြိမ်၊ **ဖိလစ်ပိုင်**သို့ ၁ ကြိမ်၊ **အင်ဒိုနီးရှား**သို့ ၁ ကြိမ်၊ **ဩစတြေးလျ**သို့ ၅ ကြိမ်၊ **တောင်ကိုရီးယား**သို့ ၅ ကြိမ်၊ **နယူးဇီလန်**သို့ ၅ ကြိမ် **ကင်ညာနိုင်ငံ**သို့ ၁ ကြိမ်၊ **တောင်အာဖရိကနိုင်ငံ**သို့ ၃ ကြိမ်၊ **ဘော့ဆွာနာနိုင်ငံ**သို့ ၁ ကြိမ်၊ **လီဆိုသိုနိုင်ငံ**သို့ ၁ ကြိမ်၊ **ချက်သမတ** နိုင်ငံသို့ ၁ ကြိမ် အသီးသီး ကြွရောက်ခဲ့ပါသည်။

၁၉၉၅ ခုနှစ်၊ ဧပြီနှင့် မေလများ၌ အာဖရိကတိုက်၊ ကင်ညာနိုင်ငံနှင့် တောင်အာဖရိက နိုင်ငံများ သို့လည်း ကြွရောက်၍ ကင်ညာနိုင်ငံ နိုင်ရောဘီ မြို့၌ ၇ ရက် တရားစခန်း ဟောပြောပြသခဲ့သည်။ တောင်အာဖရိကနိုင်ငံ ပီတာမရီဇဘတ်မြို့အနီး အိက်ပို တရားရိပ်သာ ( The Buddhist Retreat Centre ) ၌ လည်းကောင်း၊ ဒါဘန်မြို့ Technikon College ၌လည်းကောင်း ဝိပဿနာတရား ဟောပြောခဲ့သည်။ မြန်မာ ဗုဒ္ဓဘာသာဝင်တို့အားလည်း ဝိပဿနာ တရား ဟောပြော ပြသခြင်း၊ ဘုရား အနေကဇာတင်ခြင်း စသည်ဖြင့် ချီးမြှောက်ခဲ့သည်။

၁၉၉၇ ခုနှစ်၌မူ တောင်အာဖရိကနိုင်ငံ မြန်မာဗုဒ္ဓဘာသာ အသင်း၏ ပင့်လျှောက်ချက်အရ မေလ ၂၉ ရက်မှ ဇူလိုင်လ ၁၁ ရက်နေ့အထိ နောက်ပါ သံဃာတော်လေးပါးနှင့်အတူ တောင်အာဖရိကနိုင်ငံသို့ ကြွရောက်၍ ပီတာမရီဇဘတ်မြို့၌ ဓမ္မောဒယ မြန်မာဝိဟာရကျောင်း တည်ထောင် လှူဒါန်းသည်ကို လက်ခံ၍ ရေစက်ချပေးခြင်း၊ သိမ်သမုတ်ခြင်း၊ ရဟန်းခံ ရှင်ပြုခြင်း၊ အိက်ပို တရားစခန်း၌ တရားဟောတရားပြခြင်း၊ ဒါဘန်နှင့် ကိပ်တောင်းမြို့ (Cape Town) တို့၌ တရားပွဲများ ချီးမြှင့်ခြင်း၊ ဂျိုဟန်နက်ဇဘတ်၊ ပရီတိုးရီးယားမြို့များ၌ တရားပွဲများ ချီးမြှင့်ခြင်း၊ ဗော့ဆွာနာနိုင်ငံ၌ ရက်တို တရားစခန်း ချီးမြှင့်ဟောပြောခြင်း စသော သာသနာ့လုပ်ငန်းများကို ဆောင်ရွက် တော်မူသည်။

ပီတာမရီဇဘတ်မြို့ ဓမ္မောဒယ မြန်မာဝိဟာရ ကျောင်း၌ တပည့်များဖြစ်ကြသော ဦးပညာနန္ဒနှင့် ဦးဓမ္မရက္ခိတ(ဩစတြေးလျ) တို့ကို တောင်အာဖရိက နိုင်ငံတွင် သာသနာ့ကိစ္စများကို ဖြစ်နိုင်သမျှ ဆောင်ရွက်ရန် ထားတော်မူခဲ့သည်။

၁၉၉၉ ခု ဇန္နဝါရီလ၌လည်း တောင်အာဖရိက နိုင်ငံသို့ ကြွရောက်၍ ဓမ္မောဒယ မြန်မာဝိဟာရ၌ သိမ်သမုတ်ခြင်း၊ တောင်အာဖရိကနိုင်ငံသားတစ်ဦး အပါအဝင် ရဟန်းလောင်း ၁၂ ပါးတို့ကို ရဟန်းပြုပေးခြင်း၊ သတိပဋ္ဌာန်တရား ဟောပြောပြသခြင်း၊ ကိပ်တောင်းမြို့၌ တရားစခန်း ဖွင့်၍ တရားပြခြင်း၊ ဂျိုဟန်နက်ဇဘတ်မြို့ အသံလွှင့်ဌာန၌ ဝိပဿနာတရား ဆွေးနွေးပွဲ ပြုလုပ်၍ ဒါရိုက်အသံလွှင့်ခြင်း၊ Star သတင်းစာ၊ Pretoria News သတင်းစာများမှ ပြုလုပ်သော တွေ့ဆုံဆွေးနွေးပွဲများ၌ ဝိပဿနာတရားကို ရှင်းလင်းဟောပြောခြင်း၊ ဘရွန်ခိုစပရွတ် တရုတ် ဗုဒ္ဓဘာသာကျောင်း၌ တရားစခန်း ဖွင့်လှစ် ဟောပြောခြင်း စသော သာသနာ့ကိစ္စများကို ဆောင်ရွက်ခဲ့သည်။

ယခုအချိန်၌ ပင့်ဖိတ်သည့် ပြည်ပနိုင်ငံများ ပိုမို များလာသဖြင့် ၁၉၉၂ ခုနှစ်မှစ၍ တစ်နှစ်လျှင် နှစ်ကြိမ် ပြည်ပဓမ္မခရီး ကြွနေခဲ့ရသည်။ သို့သော်လည်း ဆရာတော်သည် ယခုအချိန်၌ မိမိ၏ ကျန်းမာရေးကို ငဲ့၍ ပြည်တွင်းပြည်ပ တရားပွဲများကို ဖြစ်နိုင်သမျှ လျှော့နေပါသည်။ ခရီးဝေး ပြည်ပခရီးများကို အထူး လျှော့ထားပါသည်။

## ချက်သမတနိုင်ငံသို့ ကြွရောက်ခြင်း

အကြိမ် ၂၀ မြောက် ပြည်ပဓမ္မခရီး၌ ထူးခြားချက်တစ်ခုမှာ ချက်သမ္မတနိုင်ငံမှ တရား အားထုတ်လိုသူများက ပင့်လျှောက်၍ ယခင်က ကွန်မြူနစ် နိုင်ငံဖြစ်သည့် ချက်သမ္မတနိုင်ငံသို့ တရားဟော၊ တရားပြ ကြွရခြင်းပင် ဖြစ်ပါသည်။ ဆရာတော်သည် ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အနီး တရားစခန်း၌ တရားပြနေစဉ်အတွင်း ချက်သမ္မတနိုင်ငံ၊ ဗောဓိပရာဟ

အသင်းမှ ချက်သမ္မတနိုင်ငံသို့ ဝိပဿနာတရား ဟောပြောပြသရန် ကြွရောက်ပါမည့်အကြောင်း Fax ဖြင့် ပင့်စာပို့၍ လျှောက်ထားကြသည်။ ဆရာတော်ဘုရားက ဥရောပ၌ နွေရာသီ တရားစခန်း အစီအစဉ်များ ပြည့်နေပြီဖြစ်၍ လာရောက်နိုင်မည် မဟုတ်ကြောင်း Fax ဖြင့်ပင် အကြောင်းပြန်ခဲ့ပါသည်။ သို့သော် ဖွဲ့ကောင်းလှသော ချက် ယောဂီများသည် ဆွစ်ဇာလန်နှင့် ဂျာမနီမှ တရားစခန်း တာဝန်ခံများနှင့် ညှိနှိုင်း၍ ရက်သတ်မှတ်ပြီးလျှင် ဆရာတော်ဘုရားထံသို့ Fax ဖြင့် ဒုတိယအကြိမ် လျှောက်ထားကြပြန်သည်။ သို့ဖြင့် ဆရာတော်သည် ၁၉၉၈ ခုနှစ်၊ မေလ ၈ ရက်နေ့မှစ၍ ချက်သမ္မတနိုင်ငံ၌ ဝိပဿနာ တရားစခန်းကိုလည်းကောင်း၊ မြို့ကြီးလေးမြို့ဖြစ်သော ပါရ်ဒုဘစ်၊ အိုလိုမောက်၊ ဘရနို၊ ပရာဟာမြို့တို့၌ ဝိပဿနာ တရားပွဲများကို လည်းကောင်း ဟောပြော ပြသခဲ့ရသည်။ တရားပွဲတိုင်း၌ တရားနာပရိသတ်များ ၅၀ မှ ၁၀၀ ကျော်အထိရှိ၍ စိတ်ဝင်တစား နာကြားကြပြီးလျှင် တရားပွဲအပြီး မေးခွန်းများ မေးခွင့်ပြုရာ၌လည်း စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ အဖြေများကိုလည်း လေးလေးစားစား မှတ်သားကြသည်ကို တွေ့ရသည်။

ကွန်မြူနစ်နိုင်ငံ ဖြစ်ဖူးသည့် ချက်နိုင်ငံ၌ ဗုဒ္ဓ တရားတော်ကို ဤမျှ လိုလိုလားလား စိတ်ဝင်တစား ကျင့်ကြံပွါးများ နာကြားကြသည်မှာ ထူးခြားသော မှတ်သားဖွယ်ရာတစ်ခု ဖြစ်သည်။

## ဟသ်ာတ ချမ်းမြေ့ရိပ်သာ

ဆရာတော်သည် ပရိယတ် ပဋိပတ်အလုပ်များ မနိုင်မနင်း ဖြစ်မည်စိုးသဖြင့် ချမ်းမြေ့ရိပ်သာခွဲ တည်ထောင်ဖို့ စိတ်မဝင်စားခဲ့ပါ။

သို့သော်လည်း ဟသ်ာတမြို့မှ သဒ္ဓါတရားပြည့်သူ ဒေါ်ခင်ဝင်းဝင်းက ဟသ်ာတ၌ ချမ်းမြေ့ရိပ်သာခွဲ တည်ထောင်ခွင့် ပြုပါရန် အတန်တန် လျှောက်ထားသဖြင့် ဒေါ်ခင်ဝင်းဝင်း၏ ကုသိုလ်ဆန္ဒ ပြင်းပြမှုနှင့် ထက်သန်သော သဒ္ဓါတရားကို ငဲ့ညှာထောက်ထား၍ ခွင့်ပြုခဲ့သဖြင့် ၁၉၉၂ ခုနှစ်တွင် **ဟသ်ာတ ချမ်းမြေ့ရိပ်သာ** ပေါ်ပေါက်လာပါသည်။

## မှော်ဘီချမ်းမြေ့ရိပ်သာ

အလားတူပင် ရန်ကုန်မြို့မှ ဦးစိန်ဝင်း ဒေါ်စိန်မှီတို့က မှော်ဘီမြို့အနီးရှိ သူတို့၏ခြံမြေကို တိတ်ဆိတ်သော ချမ်းမြေ့ရိပ်သာခွဲ ပြုလုပ်ရန် လှူဒါန်းလိုပါ ကြောင်း လျှောက်ထား၍ ၁၉၉၄ ခုနှစ်၊ နိဝင်ဘာလတွင် လှူဒါန်းကြပြန်သဖြင့် **ချမ်းမြေ့ရိပ်သာ(မှော်ဘီ)** ပေါ်ပေါက်လာပြန်ပါသည်။ မြေချင်းဆက်စပ်နေသော အချို့ စေတနာရှင်များ ကလည်း ထပ်မံလှူဒါန်းကြ ပြန်ရာ ယခုအချိန်တွင် **ချမ်းမြေ့ရိပ်သာ(မှော်ဘီ)**သည် ၁၅ ဧက ကျယ်ပြန့်သော သစ်ရိပ်ဝါးရိပ် တို့ဖြင့် တိတ်ဆိတ်သာယာသည့် တရားရိပ်သာတစ်ခု ဖြစ်နေပါပြီ။ နှစ်ထပ်ယောဂီဆောင် ၇ ဆောင်၊ တစ်ထပ်ယောဂီဆောင် ၅၀ ကျော် ဆောက်ပြီးပါပြီ။ ကျယ်ပြန့်သော ဆွမ်းကျောင်း၊ သိမ်နှင့် ဓမ္မာရုံလည်း ရှိနေပြီဖြစ်ရာ ၁၉၉၅ ခုနှစ်မှစ၍ ပြည်တွင်းပြည်ပ ယောဂီများ အားထုတ်နေကြပါပြီ။ တစ်ထပ် ယောဂီဆောင်များလည်း ထပ်မံ ဆောက်လုပ်ဆဲ ဖြစ်ပါသည်။

ယခုအခါ ဆရာတော်သည် **ရန်ကုန် ချမ်းမြေ့ရိပ်သာကျောင်း**၌ ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်များကို ထမ်းဆောင်ရုံမျှ မဟုတ်ဘဲ ဒကာ ဒကာမများ လှူဒါန်းထားသော တောရိပ် တောင်ရိပ်

သစ်ရိပ် ဝါးရိပ်တို့ဖြင့် တိတ်ဆိတ် ငြိမ်သက်၍ သာယာကြည်နူးဖွယ်ရာ ရန်ကုန်နှင့် မိုင် ၃၀ မျှသာဝေးသော မှော်ဘီမြို့ အနီးရှိ ချမ်းမြေ့ရိပ်သာ၌လည်း ပြည်တွင်း ပြည်ပယောဂီများကို သီတင်းသုံး နေထိုင်စေလျက် တရားဟော တရားပြ သာသနာ့တာဝန်ကို တပည့် ရဟန်းတော်များ၏ အကူအညီဖြင့် ကြိုးပမ်း ထမ်းဆောင်လျက်ရှိသည်။ ဆရာတော်သည် ဝါတွင်းကာလ၌ တနင်္လာနှင့် သောကြာ နေ့တိုင်း မှော်ဘီချမ်းမြေ့သို့ ကြွ၍ နိုင်ငံခြားသား ယောဂီများအား တရားပြပါသည်။

နိုင်ငံခြားသားယောဂီများသည် အုပ်ဆိုင်းညိုမှိုင်း၍ အရိပ်ကောင်းလှသော သစ်ပင်ကြီးတို့၏ အေးရိပ်အောက်ဝယ် တစ်ယောက်ထိုင် တရားထိုင်စင်ကလေးများပေါ်၌ တိတ်ဆိတ် ငြိမ်သက်စွာ တော၏ အရသာကို ခံစားရင်း တရားဘာဝနာ ပွားများရသည်ကို များစွာ နှစ်ခြိုက်ကြသည်။

## ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ

ဆရာတော်၏ ပြည်တွင်း ပြည်ပ တပည့်ယောဂီများ များပြားလာသည့်အလျောက် ချမ်းမြေ့ တရားရိပ်သာများလည်း တိုးပွားလာပါသည်။ လွန်ခဲ့သည့် ၂ နှစ်ခန့်က ပြင်ဦးလွင် (မေမြို့) မှ သဒ္ဓါတရားပြည့်ဝသော ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် ဆရာတော်ဘုရားအထံသို့ နိုင်ငံခြားသား ယောဂီများ လာရောက်ဆည်းကပ်၍ ဝိပဿနာတရား အားထုတ်ကြသည်ကို တွေ့မြင်ရသဖြင့် နိုင်ငံခြားသားနှင့် သင့်လျော်သည့် ရာသီဥတုရှိသော ပြင်ဦးလွင်၌ ချမ်းမြေ့ရိပ်သာခွဲတစ်ခု တည်ထောင်လိုသော စေတနာသဒ္ဓါတရားများ ပေါ်ပေါက်လာခဲ့ကြပါသည်။ သို့ဖြင့် ကြိုးစား၍ မြေနေရာ ရှာခဲ့ကြရာ လူနေရပ်ကွက်နှင့် မနီးမဝေးဖြစ်၍ တိတ်ဆိတ်သာယာသော နေရာ၌ မြေ ၁၀ ဧကခန့်ကို ရကြ၏ ယခုအခါ အဆောက်အအုံများ

စတင်ဆောက်လုပ်ကာ ပြင်ဦးလွင်ချမ်းမြေ့ရိပ်သာ စတင် တည်ထောင်နေကြပါပြီ ။

**ခရစ်နှစ် ၂၀၀၁ ခုနှစ်၊ ဇူလိုင်လလောက်တွင် ရိပ်သာ စတင်ဖွင့်လှစ်၍ ယောဂီများ တရားအားထုတ် နိုင်ကြတော့မည် ဖြစ်ပါသည်။** အေးသောနိုင်ငံများမှ လာကြသော နိုင်ငံခြားသား ယောဂီများသည် ပြင်ဦးလွင်၏ ချမ်းအေးသော ရင်ခွင်တွင် အဆင်ပြေပြေ ဝိပဿနာအလုပ်ကို အားထုတ်နိုင်ကြတော့မည် ဖြစ်ပါသည်။

## တောင်ကြီး ချမ်းမြေ့ရိပ်သာ

ထို့အတူပင် **ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့**မှ သဒ္ဓါတရားပြည့်ဝသော ဗုဒ္ဓဘာသာဝင် သူတော်စင်များသည်လည်း အလားတူပင် ချမ်းမြေ့ရိပ်သာခွဲ ဖွင့်လှစ်ရန် ကြိုးစားနေကြရာ ယခုအခါတွင် ကံအားလျော်စွာ သင့်လျော်သည့် မြေနေရာကို ရကြပြီဖြစ်၍ ချမ်းမြေ့ရိပ်သာခွဲ ဖြစ်မြောက်ရန် စတင်တည်ထောင်နေကြပါပြီ။ တောင်ကြီးရာသီဥတုသည်လည်း ချမ်းအေးသောဒေသမှ လာကြသော နိုင်ငံခြားသား ယောဂီများ နှစ်သက်သော ရာသီဥတုမျိုးပင် ဖြစ်၍ ချမ်းမြေ့တရားရိပ်သာ ဖွင့်လှစ်ရန် သင့်တော်လျော်ကန်လှပါသည်။

## ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ဆရာတော်သည် သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကာပြန့်ပွါးရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ထေရဝါဒတက္ကသိုလ်ဆိုင်ရာ တာဝန်ရှိသူများ၏ လျှောက်ထားတောင်းပန်ချက်အရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌လည်း ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် အချိန်ပေးနိုင်သမျှ ကူညီသင်ကြားပို့ချပေးပါသည်။ ဝါပ အချိန်များ၌ ပြည်တွင်းပြည်ပ ဓမ္မခရီးကြွရ၍ အချိန်မရသဖြင့် ဝါတွင်းကာလ၌သာ သီတင်းတစ်ပတ်လျှင် ၂ ရက် သင်ကြားပို့ချပေးရပါသည်။

## ပြည်ပသို့ တပည့်များစေလွှတ်၍ သာသနာပြုခြင်း

ထို့ပြင် ဆရာတော်သည် ပြည်ပနိုင်ငံများရှိ ယောဂီများ၏ တောင်းပန် လျှောက်ထားချက်အရ ပြည်ပသို့ တပည့်ရဟန်းတော်များ စေလွှတ်၍ သီတင်းသုံးစေကာ စွမ်းနိုင်သမျှ သာသနာပြုစေပါသည်။ အင်္ဂလန်ပြည်၊ လန်ဒန်မြို့ ဝိဟာရသို့ ဦးသောဘိတကို လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ ပီတာမရစ်ဇဘတ်မြို့၊ ဓမ္မောဒယ မြန်မာ ဝိဟာရသို့ ဦးပညာနန္ဒနှင့် ဦးဓမ္မရက္ခိတ (ဩစတြေးလျ) တို့ကို လည်းကောင်း၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အနီး ဆုဘန်ဂျယ ဗုဒ္ဓဘာသာအသင်းကျောင်းသို့ ဦးရေဝတကိုလည်းကောင်း ပို့လွှတ် သီတင်းသုံးစေကာ သာသနာပြုစေပါသည်။

ထိုင်းနိုင်ငံ၊ နခုန်ပထုမ်မြို့အနီး ဓမ္မောဒယ ချမ်းမြေ့ရိပ်သာ၌လည်း ဦးဥတ္တမနှင့် ဦးသုဇာတတို့ကို သီတင်းသုံးစေလျက် သာသနာ့တာဝန်ကို ဆောင်ရွက်စေပါသည်။

ကနေဒါနိုင်ငံရှိ တည်ထောင်နေကြဆဲ ရိပ်သာများကလည်း တရားပြ ရဟန်းတော်များ ပို့ပေးပါရန် လျှောက်ထားကြသဖြင့် သင့်လျော်သော ရဟန်းတော်များ ရွေးချယ်စေလွှတ်ရန် စီစဉ် နေကြောင်း သိရပါသည်။

ပြည်တွင်းပြည်ပ နှစ်ဌာနလုံး၌ သာသနာတော်အတွက် ဆရာတော်၏ ဆောင်ရွက်ချက်တို့ကို အသိအမှတ်ပြု ပူဇော်သော အားဖြင့် နိုင်ငံတော်အစိုးရက ဆရာတော်အား ၁၉၉၃ ခုနှစ်၌ 'မဟာကမ္မဋ္ဌာနာစရိယ' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်၌ 'အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း

၁၉၉၉ ခုနှစ်၌ **'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ'** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ် လှူဒါန်းခဲ့သည်။

**အလှူဒါန**

ဆရာတော်သည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို ကိုယ်တိုင်လည်း စွမ်းနိုင်သမျှ ဖြည့်ကျင့်၍ သူ တစ်ပါးတို့ ဖြည့်ကျင့်နိုင်စေရန်လည်း ဟောပြောညွှန်ပြပေးရုံမျှဖြင့် အားရတင်းတိမ်မနေဘဲ ဒါနကုသိုလ်ကိုလည်း စွမ်းနိုင်သမျှ ဆည်းပူးနေသူဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း ဝါခေါင်လ၌ သံဃာတော် တစ်ရာကျော်တို့ကို ပင့်ဖိတ်ပြီးလျှင် ဆွမ်း ခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာတို့ကို ဆက်ကပ် လှူဒါန်း၍ သင်္ကန်း၊ ထီး၊ ဖိနပ်၊ စောင် ခြင်ထောင်၊ နာရီ၊ ဖောင်တိန် စသော လှူဖွယ်ဝတ္ထုတို့ကို စာရေးတံမဲချ လှူဒါန်းပါသည်။

မိမိ၏ ဇာတိရပ်ရွာဖြစ်သော တောင်တွင်းကြီးမြို့နယ်၊ ပျဉ်းမရွာ၌ ရှင်မပြုရသေးသော ကလေးများကို ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ခြင်း၊ ပရိသတ်တစ်ထောင်ကျော် တို့အား ထမင်းဟင်းလျာများ ကျွေးမွေးလှူဒါန်းခြင်းသည်လည်း ဆရာတော် နှစ်စဉ် ပြုနေကျဖြစ်သော ကုသိုလ်ဝတ်များ ဖြစ်ပါသည်။

**ကျောင်းအလှူ**

ထို့ပြင် ပျဉ်းမရွာ၊ ရွာဦးကျောင်း၌ ဆရာတော်က မတည်၍ စေတနာရှင်အများ၏ ကောင်းမှုဖြင့် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်း၊ မူလတန်းကျောင်းဝင်းအတွင်း၌ ကလေးများအတွက် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ် လှူဒါန်းခြင်း၊ ပျဉ်းမရွာ သုသာန်၌ သရဏဂုံဇရပ်တစ်ဆောင်

ဆောက်လုပ် လှူဒါန်းခြင်းတို့သည်လည်း ဆရာတော်၏ ဒါနကုသိုလ်များပင် ဖြစ်ပါသည်။ ပျဉ်းမနား၊ နေကျော်ကျောင်းဝင်း အတွင်း၌လည်း တစ်ထပ် အုတ်တိုက်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းထားပါသည်။ ယခုလည်း ယိမ်းယိုင်နေသော ကျောင်းဆောင်တစ်ဆောင်နေရာ၌ အုတ်နံရံကပ် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရန် စီမံစိုင်းပြင်းလျက် ရှိပါသည်။

## ကျမ်းစာများ ပြုစုတော်မူခြင်း

ဆရာတော်သည် ပရိယတ် ပဋိပတ် အလုပ်များ၊ ကျောင်းစီမံအုပ်ချုပ်ရေး အလုပ်များ၊ ပြည်တွင်းပြည်ပမှ လာရောက်၍ ဗုဒ္ဓတရားတော်နှင့် ပတ်သက်သည့် အချက်အလက်များကို ဆွေးနွေးမေးမြန်းကြသော သူများအား ရှင်းလင်း ဖြေကြား ပေးခြင်း စသောအလုပ်များဖြင့် မအားမလပ်သည့်ကြားကပင် လောကီ လောကုတ္တရာ အကျိုးကျေးဇူးများဖွယ်ရာ ကျမ်းစာများ ကိုလည်း အချိန်ရသမျှယူကာ ရေးသား ပြုစုခဲ့ပါသည်။ ချမ်းမြေ့ရိပ်သာ၌ သီတင်းသုံးနေသည့်အတွင်း အချိန်ရနည်းပါး၍ အချို့သော ကျမ်းစာများကို ခရီးသွားရင်း လေယာဉ်ပေါ်၊ သင်္ဘောပေါ်တို့၌ ရေးသားပြုစု တည်းဖြတ်သုတ်သင်ကာ စာအုပ်အဖြစ်သို့ ရောက်ရှိစေခဲ့ရပါသည်။

## ချမ်းမြေ့ဆရာတော် ပြုစုပြီးသော ကျမ်းစာများ

၁။ နိုင်ငံခြားမှပေးစာများ
၂။ ချမ်းမြေ့အခြေပျိုးဗုဒ္ဓဘာသာ
၃။ ချမ်းမြေ့သာသနာတော်လျှောက်စာတန်း
၄။ ဆင်းရဲငြိမ်းအေးချမ်းသာရေး

၅။ အနောက်တိုင်းမှဘာဝပြဿနာ
၆။ အသိအမြင်မှန်မှ ချမ်းသာရ
၇။ ဗုဒ္ဓနည်းကျ ချမ်းသာစွာနေထိုင်နည်း
၈။ သိ ပယ် ဆိုက် ပွါး တရားတော်
၉။ လူ့ကထိန်သင်္ကန်းနှင့် မင်္ဂလမ်းကိုရှုယ်
၁၀။ ဂုဏ်တော်ဘုရားရှိခိုးနှင့် သိမှတ်ဖွယ်အထွေထွေ
၁၁။ ဗုဒ္ဓသာသနာတော် စ,တင်ပြန့်ပွါးပုံ နှင့်
ချမ်းမြေ့သာသနာတော်လျှောက်စာတန်း
၁၂။ ချမ်းမြေ့မင်္ဂလာသင်စရာ
၁၃။ ၁၉၈၅ ခုနှစ်၊ တက္ကသိုလ်ဓမ္မသဘင်
၁၄။ ယောဂီသိဖွယ်အသွယ်သွယ်
၁၅။ ကံနှင့် တမလွန်ဘဝ
၁၆။ နိုင်ငံခြားသား ဘုန်းတော်ကြီးတစ်ပါး၏
ဗုဒ္ဓဘာသာအမြင်အမေးအဖြေများ
၁၇။ အာဖရိကဓမ္မခရီး
၁၈။ အာဖရိကဓမ္မခရီး ( ၂ )
၁၉။ Vipassana Meditation Guidelines
၂၀။ Ordination Procedure and Some Vinaya Rules
၂၁။ Vipassana Meditation
၂၂။ The Fundamantal Doctrine of Buddhism
၂၃။ Parable of the Log
၂၄။ Summary of Buddhist Monastric Code
၂၅။ Parable of the Log and Questions & Answers

## တည်းဖြတ်ပြုစုဆဲ ကျမ်းစာများ

၁။ ရွှေပြည်တော်ဝင်ခန်း

၂။ စိတ်ထားဖြူဖွေး ချမ်းသာရေး

၃။ Mindfullness Meditation

၄။ Mental Development

## ဘာသာပြန်တရားစာအုပ်များ

ဆရာတော်ဟောကြားရေးသားသော တရားများမှာ လွယ်ကူသော စကားလုံးများကို အရှင်းဆုံးဖြစ်အောင် သုံးနှုန်း ဟောကြား ရေးသားထားသဖြင့် နာကြားဖတ်ရှုသူများ နားလည်လွယ်ကြ၍ စိတ်ဝင်စားကြသည်။ ထို့ကြောင့် ဆရာတော် အင်္ဂလိပ်ဘာသာဖြင့် ဟောကြား ရေးသားထားသော တရားစာအုပ်အချို့ကို နိုင်ငံခြားသားယောဂီများက မိမိတို့ သက်ဆိုင်ရာဘာသာဖြင့် ဘာသာပြန်၍ ထုတ်ဝေကြသည်။ ဆရာတော်၏ Vipassana Meditation နှင့် Vipassana Meditation Guidelines စာအုပ်များကို ထိုင်းဘာသာ၊ ကိုရီးယားဘာသာ၊ ဂျပန်ဘာသာ၊ တရုတ်ဘာသာတို့ဖြင့် ပြန်ဆို ထုတ်ဝေကြသည်။ သီဟိုဠ်ဘာသာဖြင့် ပြန်ဆိုခွင့်ပြုရန်လည်း ဆရာတော့်အထံ၌ ခွင့်တောင်းထားသည်။ Parable of the Log and Questions & Answers စာအုပ်ကိုလည်း တရုတ်ဘာသာ ပြန်ဆိုထားသည်။ ဤသို့ဖြင့် ဆရာတော်သည် စွမ်းနိုင်သမျှ သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

၂၁၇၉၃

ဦးစောလှိုင်
ဒုတိယဥက္ကဋ္ဌ(၁)
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့
ရန်ကုန်

# မေတ္တာသာရဏီယတရား

## ကာယကံ မေတ္တာ

မေတ္တာနှင့်ယှဉ်၊ ပြုမူလျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးတည်း၊ ညီလည်းညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

## ဝစီကံ မေတ္တာ

မေတ္တာနှင့်ယှဉ်၊ ပြောဆိုလျှင်၊ အစဉ်အောက်မေ့ဖွယ်။
ချိုသာစကား၊ ကျိုးလိုလား၊ ကြားရချမ်းသာတယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးတည်း၊ ညီလည်းညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

## မနောကံ မေတ္တာ

မေတ္တာနှင့်ယှဉ်၊ စိတ်ထားလျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးတည်း၊ ညီလည်းညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

၂၁၇၉၁

ထေရပွဲတွင်ဒိအကျဉ်း

■ ချမ်းမြေ့ရိပ်သာ (ရန်ကုန်)
အမှတ် ၅၅ (က)၊ ကမ္ဘာအေးဘုရားလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုံး – ၆၆၁၄၇၉

■ ချမ်းမြေ့ရိပ်သာ (ဟသ်ာတ)
ဦးမာဒင်စက်ဝင်း
တာကလေးရပ်၊ ဟသ်ာတမြို့။
ဖုံး – ၀၄၄, ၂၁၈၃၈

■ ချမ်းမြေ့ရိပ်သာ (မှော်ဘီ)
အမှတ် ၂၄၊ မဂ္ဂင်လမ်း
ရှမ်းစုရပ်၊ မှော်ဘီမြို့။
ဖုံး – ၆၂၀၃၂၁

■ ချမ်းမြေ့ရိပ်သာ (ပြင်ဦးလွင်)
တိုးကြီးကုန်းကျေးရွာ
အနီးစခန်းဘူတာ၊ ပြင်ဦးလွင်မြို့။
ဖုံး – ၀၈၅, ၂၂၄၅၇

■ ချမ်းမြေ့ရိပ်သာ (တောင်ကြီး)
တောင်ပို့ကြီးကျေးရွာ
ညောင်ရွှေမြို့နယ်။
ဖုံး – ၀၈၁, ၂၂၀၃၄

သုတေသနစာကြည့်
စာပေတော်ထွန်းကားပြန့်ပွား
[illegible]

## စိတ်ကိုထိန်းသူ

မြင်နိုင်ခဲစွ၊ သိမ်မွေ့လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊ ပမာမျောက်နှိုင်း၊ စိတ်ဆင်ရိုင်းကို၊ ချင့်နှိုင်း ဉာဏ်ယှဉ်၊ သမ္မဇဉ်နှင့်၊ အစဉ် ချွန်းအုပ်၊ သတိချုပ်၍၊ မလှုပ်မယိုင်၊ ကောင်းစွာနိုင်သော်၊ ဖွံ့ ခိုင်ဖြိုးဖြိုး၊ ချမ်းသာ တိုးသည်၊ ကောင်းကျိုးကြွယ်လိမ့်မည်သာကို။

## စိတ်ကိုမထိန်းသူ

မြင်နိုင်ခဲစွ၊ သိမ်မွေ့လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊ ပမာမျောက်နှိုင်း၊ စိတ် ဆင်ရိုင်းကို၊ ထုံးသိုင်း ဖြေချွတ်၊ ထင်တိုင်း လွှတ်၍၊ မကွပ်မထိန်း၊ ညွှတ်တိုင်းယိမ်းက၊ အေးငြိမ်း ချမ်းသာ၊ မရပါဘဲ၊ ပူဗျာဆင့်ကဲ၊ လွန်ဆင်းရဲသည်၊ မိုက်မဲသူတို့လမ်းစဉ်တည်း။

## စိတ်ညစ်စိတ်ကြေး စိတ်ဖြင့်ဆေး

ရေကြောင့်ညွှန်ဖြစ်၊ ထိုညွှန်ညစ်လည်း၊ စင်လစ်ရေကြောင့်၊ သွေမထောင့်ဘူး၊ စိတ်ကြောင့်ဖြစ်ပေါ်၊ စိတ်ကြေးသော်လည်း၊ ဆေးလျှော်စိတ်ပင်၊ စင်မစင်ကို၊ ကိုယ်ပင်ဖန်ပြု၊ သူမပြုသည်၊ စင်မှုကိုယ်မှာတာဝန်တည်း။